# အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးဇာတိမာန် အနိမ့်ဆုံးကျဆင်းနေကြောင်း မြန်မာစာပေပညာရှင်ပြော
## ၅ ဒီဇင်ဘာ ၂၀၀၇

၈၇ နှစ်မြောက် အမျိုးသားနေ့မှာ အမျိုးသားနေ့ရဲ့ အနှစ်သာရ၊ အမျိုးသားနေ့ရဲ့တန်ဖိုးကို နိုင်ငံသားတိုင်း သတိရစေဖို့ နှစ်စဉ်အခမ်းအနားတွေ ကျင်းပနေပြီးတော့ အမျိုးသားပညာရေးမြင့်မားစေဖို့အတွက် အနှစ် ၃၀ စီမံကိန်းချပြီး နိုင်ငံ့သားကောင်းတွေ မွေးထုတ်ပေးနိုင်နေပါပြီလို့ မြန်မာစစ်အစိုးရသတင်းစာ အယ်ဒီတာ့အာဘော်မှာ ရေးသားဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးတန်ဖိုးဟာ အခုအခြေအနေမှာ အနိမ့်ကျဆုံးကို ရောက်နေပါပြီလို့ မြန်မာ့ဒီမိုကရေစီရေးအင်အားစုတွေကလည်း ပြောနေကြပါတယ်။ အကြောင်းစုံကို ဒေါ်ခင်မျိုးသက်က စုစည်းတင်ပြထားပါတယ်။

မြန်မာစစ်အစိုးရထုတ်သတင်းစာ အယ်ဒီတာ့အာဘော်ထဲမှာ ဇာတိသွေး၊ ဇာတိမာန် ရှင်သန်နိုးကြားစေဖို့အတွက် အမျိုးသားနေ့အခမ်းအနားတွေကို နှစ်စဉ်ကျင်းပနေတယ်လို့ ဖော်ပြထားပေမယ့် အမျိုးသားနေ့ကို အခုအလေးအနက်ထားတာတော့ မတွေ့ရတော့ပါဘူးလို့ မြန်မာစာပေပညာရှင် ဆရာစွမ်းရည်က အခုလိုပြောပါတယ်။

"အမျိုးသားနေ့ဖြစ်လာခဲ့တာ နှစ်ပေါင်း ၈၇ နှစ်ကြာပြီလို့ဆိုရမှာပေါ့။ ဒါပေမယ့် အခုက အလေးအနက်မထားတော့ပါဘူး။ စတိပဲ သတင်းစာပေါ်မှာပဲ ကျင်းပနေတာပါ။ တကယ်က သတင်းစာပေါ်မှာတောင်မှ ခမ်းခမ်းနားနားမဟုတ်တော့ပါဘူး၊ သူတို့ရည်ရွယ်ချက်လေး ဖော်ပြရုံလောက်ပဲ။ တကယ်ကတော့ အမျိုးသားနေ့ကို ကြောက်နေတာပဲ။ သူတို့လိုချင်တာက သူတို့ရဲ့တပ်မတော်နေ့ပဲ။ တပ်မတော်နေ့ဆိုတာကလည်း တော်လှန်ရေးကိုကြောက်လို့ တော်လှန်ရေးဆိုတဲ့နံမယ်ကိုဖျောက်ဖျက်ပစ်ပြီး တပ်မတော်နေ့ဆိုပြီး ပြောင်းပစ်တာ။

"အခုက အမျိုးသားနေ့လည်း ပြောင်းလို့ရရင် ပြောင်းချင်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသားနေ့ဆိုတာက ပထမကောလိပ်သပိတ်ကြီးကိုး။ လွတ်လပ်ရေးအစ အမျိုးသားနေ့က၊ လွတ်လပ်ရေးအစ ပထမသပိတ်ကကိုး၊ ပထမဆုံး ဒီမိုကရေစီဆန္ဒပြပွဲ၊ ပထမဆုံး ဥပဒေတွင်းဆန္ဒပြပွဲအဖြစ်နဲ့ မြန်မာ့သမိုင်းမှာ မော်ကွန်းထိုးထားတာ။ အဲဒီမော်ကွန်းထိုးထားတဲ့ အမျိုးသားနေ့ကြီးကို သူတို့ မကြားချင်၊ မသိချင်ဘူး။ အဲဒီအမျိုးသားနေ့မှာ ဘယ်သူကထင်ပေါ်သလဲဆိုတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းပေါ့၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း 'သြော် ဝေးခရီးကပြီမို့၊ အရေးကြီးလျှင်ဖြင့်၊ သွေးနီးရာပါစမြဲပေမို့၊ ဆရာလည်းကွာ' ဆိုတာ အားလုံးမှတ်မိတဲ့ 'အစီအစဉ်ခေါင်းပေါ်ဖျားမှာလ၊ မင်းတို့ဆရာကို၊ စာရင်းတို့ကာထားလိုက်ပါတော့' လို့ ထွက်လာတာကိုး။

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆိုတာ ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး၊ အမျိုးသားရေးခေါင်းဆောင်ကြီး၊ အဲဒီခေါင်းဆောင်ကြီးရဲ့ကဏ္ဍလည်း ပါလာရတော့မှာပဲ။ 'ကျောင်းသင်္ခန်းကို၊ ဒေါင်းအဆင်ဆန်းတွေနဲ့၊ ပဝါအလံထူ' ဆိုတဲ့ ဝါဒကိုလည်း ပထမဆုံး ကျောင်းသင်္ခန်းတွေမှာ ဒေါင်းအဆင်ဆန်း အမျိုးသားရေးအလံထူဖို့ဆိုတာ ပထမဆုံးကြိုးစားခဲ့တာ။

"ပြီးတော့ ကျောင်းသားနဲ့ဘုန်းကြီးလည်း ရွှေတိဂုံဘုရားကုန်းတော်ခြေရင်းမှာ ပထမဆုံးစပြီးတော့ သမိုင်းပြောင်အောင် ပူးပေါင်းလုပ်ဆောင်ခဲ့ကြတာပါ။ သမိုင်းပြောင်အောင်ဆိုတာ အဲဒီမှာ ကျောင်းသားတွေသပိတ်မှောက်လာတော့ ဘုန်းကြီးတွေကနေ ကြိုဆိုပြီးတော့ ကျောင်းနေရာပေးတာလေ။ ဗဟန်းကောလိပ်ဆိုပြီး ဘုန်းကြီးကျောင်းကို ကောလိပ်အဖြစ်နဲ့ ပြောင်းလိုက်တာကိုး။ ဘုန်းကြီးတွေက နေရာပေးပြီး စောင့်ရှောက်တယ်၊ ဖျာပေးတယ်၊ စောင်ပေးတယ် စသဖြင့်၊ အဲဒီလို ဘုန်းကြီးနဲ့ကျောင်းသားနဲ့ ပေါင်းစပ်ပြီးဆောင်ရွက်ခဲ့တာ။ စာရေးဆရာတွေ၊ သတင်းစာဆရာတွေ၊ ကျောင်းသားတွေနဲ့ ပေါင်းစပ်ခဲ့တာ၊ အမျိုးသားရေးလုပ်ငန်းကြီး ပေါင်းစပ်ခဲ့တာ၊ ဒီမိုကရေစီဆန္ဒပြပွဲကြီး၊ ဥပဒေတွင်းက ဆန္ဒပြပွဲကြီး ဖြစ်ပေါ်ခဲ့တာ။

"အဲဒီဟာတွေရဲ့ ဂုဏ်ကျေးဇူးတွေကို မကြည့်ချင်၊ မမြင်ချင်တော့ဘူး၊ မကြားချင်တော့ဘူး၊ ဒါတွေကြားတိုင်း ကြားတိုင်း ပထမသပိတ်၊ ပထမသပိတ်၊ ကျောင်းသားသပိတ်ဆိုတဲ့အသံကြီး ကြားနေရတာကို သူတို့ အထူးသဖြင့် မကြားချင်ဘူး"

အမျိုးသားရေးခေါင်းဆောင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ကျောင်းသူကျောင်းသားတွေကြောင့် ပေါ်ပေါက်လာရတဲ့ အမျိုးသားနေ့ဟာ ပညာရေးအတွက် အဓိကထားခဲ့ပေမယ့် နှစ်တိုင်းနှစ်တိုင်းမှာတော့ လွတ်လပ်ရေးအတွက်ရေးရှုပြီး ကျယ်ပြန့်လာခဲ့ပါတယ်။ ၁၂၈၂ ခုနှစ်က ရန်ကုန်ယူနီဗာစတီအက်ဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့ကြတဲ့ ကျောင်းသူတဦးရဲ့မြေးဖြစ်သူ အခုသံဃာ့ဥသျှောင်အဖွဲ့ရဲ့ တွဲဖက်အတွင်းရေးမှူးဖြစ်တဲ့ အရှင်အဂ္ဂဓမ္မက ၁၉၉၅ ခုနှစ်က သာယာဝတီထောင်မှာ အဖွားဖြစ်သူရဲ့ဆန္ဒပြည့်စေဖို့အတွက် အမျိုးသားနေ့အောင်ပွဲ ဟောပြောခဲ့လို့ ပြင်းပြင်းထန်ထန် အပြစ်ပေးခံခဲ့ရတယ်လို့ ပြောပါတယ်။ ဦးအဂ္ဂဓမ္မဟာ ၁၉၉၀ နှစ် ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ခဲ့တုန်းက သာယာဝတီထောင်နဲ့ အင်းစိန်ထောင်တွေမှာ အကျဉ်းချခံခဲ့ရသူဖြစ်ပါတယ်။

"၁၂၈၂ ခု တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့မှာ အဘွားတို့က ဝန်ကြီးများရုံးရှေ့မှာ အင်္ဂလိပ်အစိုးရကို အစာငတ်ခံဆန္ဒပြပြီးတော့ ညအိပ်ညနေပြုလုပ်ခဲ့တဲ့ အမျိုးသားပညာရေးနဲ့ပတ်သက်ပြီးတော့ တိုက်ခိုက်လာတဲ့နေ့မို့လို့ အဲဒီထောင်တွင်းမှာပဲ အမျိုးသားအောင်ပွဲနေ့ကို အသိအမှတ်ပြုပြီးတော့ လုပ်လိုက်တယ်။ အဘွားက ဆရာမကြီးဒေါ်ကြင်မှုံလို့ ခေါ်ပါတယ်။ အဘွားက ငါတို့ဟာ အမျိုးသားပညာရေးတွေတိုးတက်စေချင်လို့၊ အမျိုးသားတွေကောင်းစေချင်လို့ ငါတို့လုပ်လာခဲ့တာ ကနေ့တိုင် ဘာမှအကောင်အထည်မပေါ်ဘဲနဲ့ ဆုတ်သထက် ဆုတ်လာခဲ့ပြီတဲ့။ အဲဒီတော့ ငါ့မြေးတို့ကလည်း ဆက်ပြီးကြိုးစားရမယ်တဲ့။

"အဲဒီစကားကို ဘုန်းကြီးတို့အနေနဲ့ အမြဲသတိရနေပါတယ်။ သူတို့ဒုက္ခအမျိုးမျိုးခံလာခဲ့ရတဲ့ ဒုက္ခပေါင်းစုံကိုလည်း အများကြီးပဲ ပြောပြခဲ့ပါတယ်။ အဲတော့ ကနေ့တိုင်အောင် ကျောင်းသားကျောင်းသူတွေဟာ ပညာရေးနဲ့ပတ်သက်ပြီး တိုးတက်မှု ဘာတခုမှမရသေးဘူး။ ဘုန်းဘုန်းအနေနဲ့ အမျိုးသားနေ့ကို ဘာဖြစ်လို့သတ်မှတ်ပြီးတော့ ဘယ်လိုပုဂ္ဂိုလ်တွေက လုပ်လာခဲ့တယ်ဆိုပြီး ပြောခဲ့တာပါ။ အဲဒီအချိန်မှာ သာယာဝတီထောင်ထဲကိုရောက်နေတယ်။ ဒီလိုနိုင်ငံရေးတရားပွဲ မဟောရဘူးဆိုပြီး ဘုန်းဘုန်းကို ဒေါက်ခြေချင်းတွေခတ်၊ သံခြေချင်းတွေခတ်ပြီး ပြစ်ဒဏ်တိုက်ကိုပို့လိုက်ပါတယ်။ သူတို့က သင်္ကန်းနဲ့မထားပါဘူး။ ဘုန်းကြီးတို့ကတော့ ဘုန်းကြီးသိက္ခာပုဒ်ကို ဘယ်တော့မှအပျက်မခံဘူး။ သူတို့သင်္ကန်းချွတ်ထားပေမယ့် ဆောက်တည်ထားတဲ့ သီလ၊ သမာဓိ၊ ပညာသိက္ခာထိန်းနေရင် ရဟန်းဟာ ရဟန်းပါပဲ။ ရဟန်းသံဃာတွေကိုလည်း အဲဒီအချိန်ကတည်းက စော်ကားလာခဲ့တာ ဘယ်လောက်အရုပ်ဆိုးသလဲဗျာ"

ဆရာတော် ဦးအဂ္ဂဓမ္မ ပြောခဲ့တာဖြစ်ပါတယ်။

ကိုလိုနီလက်ထက်ကကျောင်းသားတွေ ပညာရေးအတွက်ကြိုးပမ်းရာကနေ ပေါ်ပေါက်လာတဲ့ အမျိုးသားနေ့မှာ လက်ရှိပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ဆရာစွမ်းရည်က အခုလိုထောက်ပြပါတယ်။

"အခုပညာရေးကို နှစ် ၃၀ စီမံကိန်းနဲ့ ပညာရေးအရင်းအမြစ်တွေ၊ လူသားအရင်းအမြစ်တွေ စသဖြင့် ဖော်ထုတ်ဖို့ဆိုပြီး ပြောထားတယ်။ လူသားအရင်းအမြစ်ရှိပေမယ့် ကျနော်တို့မှာ အလုပ်အကိုင် အရင်းအမြစ်တွေက မရှိပါဘူး။ သူတို့လည်း မဖော်ထုတ်နိုင်ဘူးလေ။ ရှိတဲ့သယံဇာတအရင်းအမြစ်တွေလည်း သူတို့ကဖော်ထုတ်ပြီး လုပ်ပစ်လိုက်လို့ တော်တော်ကုန်ဆုံးနေပြီ။ ရှေးတုန်းက ကျနော်တို့ဆီမှာ **millionaire**၊ **billionaire** ဆိုတာမရှိဘူး။ အခုတော့ သိပ်ကြွယ်ဝလာပြီဆိုပြီး ကြွားစရာတော့ ဖြစ်တာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ စစ်ဗိုလ်တွေပဲ **billionaire**၊ **millionaire** ဖြစ်ပြီးတော့ တိုင်းပြည်ကတော့ အဆင်းရဲဆုံးနိုင်ငံဖြစ်သွားခဲ့တယ်။ အဲတော့ ပညာရေးအသုံးစရိတ်က ဘယ်လောက်သုံးလဲဆိုတော့ အရင်တုန်းကတော့ အတိအကျကြေညာတယ်၊ အခုတော့ ဘာမှမကြေညာနိုင်တော့ဘူးဗျ။ ဘယ်အစိုးရမှမကြားဘူးတဲ့ စနစ်ဖြစ်သွားပြီ။

"စစ်အသုံးစရိတ်က ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်း သုံးနေပြီးတော့ ပညာရေးနဲ့ ကျန်းမာရေးနှစ်ခုပေါင်းမှ ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်းလောက်ပဲ သုံးတော့တာကိုး။ အဲတော့ ဘယ်နည်းနဲ့မှ ပညာရေးက မတိုးပွားနိုင်ဘူး၊ ဘယ်နည်းနဲ့မှ အဆင့်အတန်း မြင့်မလာနိုင်ပါဘူး။ ဘယ်လောက်ထိအောင်လဲဆိုရင် အခုကျောင်းထားနိုင်တဲ့ဥစ္စာ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းတောင်မှ မရှိတော့ဘူးလေ။ ကျောင်းမထားနိုင်ကြဘူး၊

ကျနော်တို့ကလေးတွေက တပြည်လုံးအတိုင်းအတာနဲ့၊ စာရင်းဇယားတော့အတိအကျမရှိဘူး၊ ခန့်မှန်းပြောဆိုထားကြတာပဲ ရှိပါတယ်၊ ၇၀ ခုနှစ်လောက်ကတည်းက ပညာရေးအဟောသိကံဖြစ်မှုက ၈၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ဒုတိယတန်းလောက်ဆိုရင် ၈၀ ရာခိုင်နှုန်းလောက် ကျောင်းထွက်သွားရတယ်။ ကျောင်းမနေနိုင်လို့။ အဲတော့ ဒီပညာရေးဟာ ဘယ်နည်းနဲ့မှ တိုးတက်မလာဘူး။ တိုးတက်မလာတဲ့ပညာရေးဖြစ်နေပြီ။

"အဓိကက အမျိုးသားနေ့ကို သူတို့ တကယ်လေးလေးနက်နက်နဲ့ ကျင်းပတာမဟုတ်ဘူး၊ ဇာတိမာန်တွေဘာတွေဆိုတာ အလကားပြောနေတာပဲ၊ တိုင်းပြည်ရဲ့အမျိုးဂုဏ်ဇာတိမာန်က အင်မတန်နိမ့်ကျနေတယ်။ အခု တကမ္ဘာလုံးမှာ ရှက်စရာဖြစ်အောင်လုပ်တာ ဘယ်သူလဲဆိုတော့ ဘုန်းကြီးကိုသတ်တယ်၊ ကျောင်းသားကိုသတ်တယ်၊ ပြည်သူတွေကို သေနတ်နဲ့ ရက်ရက်စက်စက်ပစ်သတ်တယ်ဆိုတဲ့ဟာ အမျိုးဂုဏ်နိမ့်ကျသွားအောင်လုပ်လိုက်တာ သူတို့ပဲဆိုတာ တကမ္ဘာလုံးသိသွားပြီ။ အရင်တုန်းက ဗမာဆိုတာ ကမ္ဘာက မသိဘူး။ အခုတော့ ကိုယ့်ပြည်သူတွေကို၊ ကိုယ့်ဘာသာရေးကို နှိပ်ကွပ်တဲ့ လူသတ်အစိုးရဆိုပြီးတော့ သိသွားကြပြီ။ အဲတော့ ပညာရေးမပြောနဲ့၊ ဘာမှမတိုးတက်နိုင်တဲ့အခြေအနေရောက်သွားတယ်။ သူတို့ပြုပြင်ဖို့ စေတနာရှိရင်တော့ ဒီအမျိုးသားနေ့ကစပြီးတော့ အမျိုးသားရေးစိတ်ဓာတ် ပြန်လည်နိုးကြားပါ၊ အမျိုးသားပညာရေးကို ပြန်ပြီး စေတနာကောင်းနဲ့တည်ဆောက်ဖို့ ပြန်တွေးကြပါလို့ပဲ ပြောချင်ပါတယ်" ဆရာစွမ်းရည်ပြောသွားတာပါ။

အခုကျရောက်ခဲ့တဲ့ ၈၇ ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အတွက် မျိုးဆက်သစ်လူငယ်များအဖွဲ့က ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ဗကသကဗျာနဲ့နှိုးဆော်ပြီး အာဏာရှင်စနစ် ပြိုပျက်တဲ့အထိ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ ရဟန်းရှင်လူ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဖို့လည်း တိုက်တွန်းထားပါတယ်။